# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 8, 2020 Volume 35, Number 6


| ၈.၉.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၄၀/- ကျပ် |
| CBM Rate | = ၁၃၃၄.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၅.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၉.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၅၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၀.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၂၈ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၄၇၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET System ကို နိုင်ငံတကာအဆင့်မီမြှင့်တင်နိုင်ရန်နှင့် အာဆီယံဒေသတွင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် JICA အထောက်အပံ့ဖြင့် ဆက်လက်ဆောင်ရွက်နေ



မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET System ကို နိုင်ငံတကာ အဆင့်မီမြှင့်တင်နိုင်ရန်နှင့် အာဆီယံဒေသတွင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန် JICA အထောက်အပံ့ဖြင့် ဆက်လက်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ချုပ်အစီရင်ခံစာအရသိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကလုပ်ငန်းတာဝန်များအနက် တစ်ခုမှာ ဘေးကင်းလုံခြုံမြန်ဆန် အားထားရသော ငွေပေးချေမှုစနစ်ကို ထူထောင်ရန်ဖြစ်သည့်အတိုင်း ဗဟိုဘဏ်သည် ငွေပေးချေမှုမူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ ငွေကြေးကိုင်တွယ်မှုများလျှော့ချရေးနှင့် လက်ရှိငွေပေးချေမှုစနစ်ကို အဆင့်မြှင့်တင်ရန်အတွက် ချက်လက်မှတ်များ အသုံးပြုငွေပေးချေခြင်း၊ နိုင်ငံတကာကတ်များကို ပြည်တွင်းတွင် အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းဘဏ်များ၏ကတ်များကို နိုင်ငံတကာတွင် အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

လုံခြုံစိတ်ချထိရောက်မှုရှိသော ငွေပေးချေမှုကွန်ရက် အဆောက်အအုံတည်ဆောက်နိုင်ရန်အတွက် JICA အကူအညီဖြင့် Project for Modernizing the Funds Payment and Securities Settlement Systems in Myanmar ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ရက်မှစတင်၍ အသုံးပြုဆောင်ရွက်နိုင်ခဲ့သည်။ Customer Credit Transfer

(CCT) Function ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အသုံးပြုဆောင်ရွက်နိုင်ခဲ့သည်။ အခွန်ထမ်းတစ်ဦးသည် မည်သည့်ဘဏ်တွင် စာရင်းဖွင့်လှစ်ထားသည်ဖြစ်စေ CBM-NET ၏ CCT Function ကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ရန် အတွက် ပြည်တွင်း အခွန်များဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း CCT Transaction ၇၆၈၉၄ ကြောင်းနှင့် ငွေပမာဏအားဖြင့် ကျပ် ၁၉၁၇၆၁၅ ဒသမ ၁၀ သန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိဆောင်ရွက်လျက်ရှိသည့် CBM-NET System အား နိုင်ငံတကာအဆင့်မီ မြင့်တင်နိုင်ရန်နှင့် အာဆီယံဒေသတွင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အသင့်အနေ အထားသို့ ရောက်ရှိစေရန်အတွက် CBM-NET System CBM-NET System Second Phase ကို JICA အထောက်အပံ့ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ Cheque Truncation System နှင့် Dashboard Function များအတွက် External Design ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ JICA TC Team ၊ Consultant Team နှင့် NTT DATA တို့မှ ဆွေးနွေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် go-live ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် ဗဟိုဘဏ်၏ Accounting စနစ်အား နိုင်ငံတကာအဆင့်မီ International Financial Reporting Standards (IFRS) နှင့်အညီ ဖြစ်စေရန်အတွက် IMF မှနည်းပညာအကူအညီများ ရယူကာ ဆောင်ရွက်လျက် ရှိသည်။ DATA Reporting Template Format ကို CGAP ၏အကူအ ညီဖြင့်ရေးဆွဲကာ Mobile Banking ဆောင်ရွက်နေသောဘဏ်များနှင့် Mobile Financial Service Provider များထံမှ သဘော ထားမှတ်ချက်ရယူနိုင်ရန် ဆောင်ရွက်ခဲ့သည်။

ငွေပေးချေမှုများ မြန်ဆန်အဆင်ပြေ လွယ်ကူမှုရှိစေရန် User များ၊ Payment Service Provider များနှင့် Merchant များ စရိတ်သက်သာစေရန်အတွက် ငွေပေးချေမှု ပုံစံသစ်ဖြစ်သည့် QR Code ပေးချေမှုများ တစ်ပြေးညီဖြစ်ရန်ရည်ရွယ်၍ National Standard for QR Code သတ်မှတ်နိုင်ရေး အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဦးဆောင်၍ ဘဏ်များ၊ International Card Scheme များ၊ Mobile Service Provider များ ပူးပေါင်း၍ Technical Committee ဖွဲ့စည်းခဲ့ပြီး MMQR Special Version 1.1 ကို သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ ထို့ပြင် Business ပိုင်းနှင့်စပ်လျဉ်း၍ ဘဏ်များမှကိုယ်စားလှယ်များပါဝင် သည့် Business Goverance Committee ကို ဖွဲ့စည်း၍ ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source: https://news-eleven.com/article/191192**

## ကိုဗစ်- ၁၉ ဒုတိယလှိုင်းကြောင့် ဆန်စျေးနှုန်းမြင့်တက်



ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းမှာ အဝယ်ပြန်လိုက်လာကာ ဆန်စျေးနှုန်း မြင့်တက်လာကြောင်းသိရသည်။ ယင်းကဲ့သို့ မြင့်တက်လာရခြင်းမှာ ဆန်ဟောင်းလက်ကျန်နည်းနေချိန်တွင် ကိုဗစ်-၁၉ ဒုတိယလှိုင်းကြောင့် ပြည်တွင်းဝယ်လိုအား ပြန်လည်မြင့်တက်လာကာ ဆန်စျေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များက သုံးသပ်ကြသည်။

ပြီးခဲ့တဲ့လ၏ စျေးထက် ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ၃၀၀၀ ကျပ် အထိမြင့်တက်လာပြီး၊ ရာခိုင်နှုန်းအနေဖြင့်ပြောမည်ဆိုပါက ၅ ရာခိုင်နှုန်းမှ ဆယ်ရာခိုင်နှုန်းကြား ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ "ဆန်စျေးနည်းနည်းတက်လာတယ်။ ဟိုရင်တုန်းက အရောင်းဝယ်မကောင်းဘူး။ အခုပြန်ကောင်းလာတယ်။ ဒါကြောင့် နည်းနည်းလေးတက်တယ်ပေါ့။ ဆန်ကြမ်းစျေးက ၁၅၀၀ လောက် တက်သွားတယ်ထင်တယ်။ နယ်ဝယ်တွေ ဆန်တော်တော် များများဝယ်ကြတယ်။ အဝယ်အရမ်းလိုက်နေတယ်ဆိုတော့ စျေးနည်းနည်းပြန်တက်သွားတယ်။ အသင်းချုပ်ကလည်း အရန်ဆန်တွေ ထုတ်ရောင်းနေတာတွေလည်းရှိတယ်။ ဒါပေမဲ့ သိပ်မဝယ်ကြဘူး။ ရှယ်တွေပဲဝယ်တယ်။" ဟု ဝါးတန်းကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။အလားတူ လာမည့်လအနည်းငယ်တွင် ဆန်အသစ်များထွက်ပေါ်လာမှာဖြစ်သောကြောင့် ဆန်သစ်စျေးများ ထပ်မံကျဆင်းနိုင်သော်လည်း ဆန်ဟောင်းစျေးနှုန်းမှတော့ စျေးကျနိုင်မည်မဟုတ်ကြောင်းသိရသည်။ " ကိုဗစ်စဖြစ်တုန်းက ဝယ်ထားတာက ဆန်တွေကို သုံးလစာလောက်ဝယ်ထားကြတာ။ အခုက ကုန်သွားတော့ပြန်ဝယ်တဲ့

အချိန်နဲ့ ဆန်ဟောင်းနည်းနေတဲ့အချိန်နဲ့ ကိုက်သွားတော့ အဲ့သဘောလဲပါမယ်။ အဝယ်နည်းနည်းလေးများလာတယ်။ ဒီအချိန်က ဈေးတင်နေကျအချိန်ပါ။" ဟု ဆန်စပါးကုန်သည်အသင်းအတွင်းရေးမှူး ဦးအောင်မြင့်ကပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားချက်များအရ လက်ရှိတွင် ရေဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၃၇၀၀၀၊ ရွှေဘိုပေါ်ဆန်းက ၅၁၀၀၀ ကျပ်၊ ဧည့်မထ (၅) မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၅၅၀၀၊ (၂၅) မတ် ဆန်မှာ ၂၃၂၀၀ ကျပ် ဈေးရှိကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်မည်ဆိုပါက ဆန်ကြမ်းဈေးနှုန်းမှာ တစ်အိတ်ကို ၆၀၀၀ မှ ၇၀၀၀ ကျပ်ဝန်းကျင်ထိ ဈေးမြင့်တက်လာကြောင်း သိရသည်။ ပြည်တွင်းဈေးမြင့်တက်နေခြင်းကြောင့် ပြည်ပသို့တင်ပို့ရန်မကိုက်သည့် အခြေအနေတွင်ရှိကြောင်း သိရပြီး ပြည်တွင်း၌ ပုံမှန်အားဖြင့် ဆန်ဟောင်းကို အဓိကစားပြီး၊ ဆန်သစ်ကို ပြည်ပသို့ တင်ပို့နေကြောင်းသိရသည်။ ယခုနှစ်တွင် ဆန်အား တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖလစ်ပိုင်နိုင်ငံများ အများဆုံးတင်ပို့ရောင်းချထားပြီး ဆန်ကွဲအား တရုတ်နိုင်ငံ၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယန်၊ ဆီနီဂေါနှင့် နယ်သာလန်နိုင်ငံများသို့ အများဆုံးတင်ပို့ထားကြောင်းသိရသည်။ လက်ရှိအချိန်တွင် တန်ချိန် ၂ဒသမ၄ သန်းထိ ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ ပို့ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ရှိကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/10018238

## COVID-19 အရှိန်မြင့်လာ၍ ရန်ကုန်အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်တုံ့နှေးသွား



အခွန်ဖြေလျှော့မှုများရှိနေသော်လည်း ရန်ကုန်အိမ်ခြံမြေဈေးကွက် ရောင်းလိုအားနှင့်ဝယ်လိုအားသည် COVID-19 အခြေအနေအပေါ် မူတည်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်အချို့ကပြောသည်။ COVID-19 ကပ်ရောဂါ အရှိန်မြင့်လာသဖြင့် အသွားအလာကန့်သတ်မှုများကြောင့် လက်ရှိရန်ကုန်အိမ်ခြံမြေဈေးကွက်သည် အရောင်းအဝယ်များစွာ တုံ့နှေးသွားကြောင်း ၎င်းတို့ကပြောသည်။

ရန်ကုန် အိမ်ခြံမြေဈေးကွက်သည် မြန်မာနိုင်ငံကို COVID-19 ကပ်ရောဂါစတင်ရောက်ရှိလာသည့် ဧပြီ၊ မေလကဲ့သို့ အရောင်းအဝယ် ရပ်တန့်ခြင်းမရှိသေးသော်လည်း ဇွန်၊ ဇူလိုင်တို့နှင့် နှိုင်းယှဉ်လျှင် လျော့နည်းသွားကြောင်း အကျိုးဆောင်အချို့က ပြောသည်။ "ကပ်ရောဂါအခြေအနေဆိုးလို့ အားလုံးပိတ်လိုက်မယ်ဆိုရင် ဈေးကွက်ကတော့ရပ်သွားမှာပဲ" ဟု စိုင်းခွန်နောင်အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ ဦးစိုင်းခွန်နောင်ကပြောသည်။

ရန်ကုန်အိမ်ခြံမြေဈေးကွက်သည် ဇွန်လကစတင်၍ အရောင်းအဝယ်အနည်းငယ်ပြန်လည်ကောင်းမွန်လာပြီး ကျပ်သိန်း ၂၀၀ မှ သိန်း ၁,၀၀၀ အကြား မြေကွက်များအရောင်းအဝယ်ရှိခဲ့သည်။ ဒဂုံ၊ ဆိပ်ကမ်း၊ မြောက်ဒဂုံဘက်မှ မြေကွက်များ အရောင်းအဝယ်အချို့ရှိခဲ့သည်ဟု အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။ ပါမစ်မြေဖြစ်ပြီး ရောင်းဝယ်မှုများတွင် အခွန်ဆောင်စရာမလိုခြင်း၊ ရောင်းနိုင်၊ ဝယ်နိုင်သည့် ငွေကြေးပမာဏဖြစ်နေခြင်းကြောင့် အရောင်းအဝယ်ပြုလုပ်ကြသည်ဟု ၎င်းတို့ကပြောသည်။ "အရှိန်လေးနဲ့တော့ အရောင်းအဝယ်တွေကရှိနေသေးတယ်။ ဒါပေမဲ့ ပိုတင်းကျပ်လာရင် ပိုပြီး အေးသွားမှာပါ" ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဦးကပြောသည်။

ပြည်တွင်းရွှေဈေးနှင့် အမေရိကန်ဒေါ်လာတန်ဖိုး မတည်ငြိမ်မှု၊ အခွန်ဖြေလျှော့မှု၊ ဘဏ်အတိုးနှုန်းလျှော့ချမှုများက လာမည့် ဘဏ္ဍာနှစ်တွင် အိမ်ခြံမြေဈေးကွက်အတွက် အလားအလာကောင်းများ မျှော်လင့်နိုင်သော်လည်း COVID-19 ကပ်ရောဂါ ကူးစက်မှုအနေအထားနှင့် ရွေးကောက်ပွဲက ဈေးကွက်အခြေအနေကို ပြောင်းလဲနိုင်သည်ဟု ၎င်းကပြောသည်။

**Source:** https://7day.news/detail?id=198254

## မေလပိုင်းမှစ၍ ငါးဈေးကွက်ပြန်ပွင့်လာသော်လည်း လက်ရှိ၌ ရောင်းလိုအားများပြီး ဝယ်လိုအားလျော့နည်းနေသည့်အတွက် ဈေးကျဆင်းသည့်အခက်အခဲများ ကြုံနေရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးပြောကြား



မေလပိုင်းမှစ၍ ငါးဈေးကွက် ပြန်ပွင့်လာသော်လည်း လက်ရှိ၌ ရောင်းလိုအားများပြီး ဝယ်လိုအားလျော့နေသည့်အတွက် ဈေးနှုန်းကျဆင်းသည့် အခက်အခဲများကြုံနေရကြောင်း စက်တင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။ "ကိုဗစ်မဖြစ်ခင်ကဆိုရင် ရာနှုန်းပြည့် လည်ပတ်နေတာပေါ့နော်။ ပြည်တွင်းဈေးကွက်ရော၊ ပြည်ပ ဈေးကွက်ရော လည်ပတ်နေကြတာပေါ့။ လည်ပတ်ပြီး ကိုဗစ်ကြောင့် ဈေးကွက်တွေယိုင်သွားပြီးတော့ အခြေအနေတော်တော်ဆိုးဆိုးနဲ့ကြုံရတယ်။ ဒါပေမဲ့ မေလလောက်ကစပြီး ဈေးကွက်တွေပြန်ပွင့်လာတဲ့ အခြေအနေရှိပေမယ့်လည်း ရာနှုန်းပြည့်ပြန်မပွင့်လာဘူးပေါ့။ ဈေးကွက်တွေက ၇၀ လောက်ပဲ ပြန်ပွင့်လာပြီးတော့ ဈေးမကောင်းတာတို့ ရောင်းချင်တဲ့ဘက်က များပြီးတော့ ဝယ်လိုအားဘက်က လျော့နေတဲ့အတွက်ကြောင့် ဈေးနှုန်းကျဆင်းတဲ့ အခက်အခဲတွေ ကြုံနေရတာပေါ့နော်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောကြားသည်။

COVID-19 ကြောင့် ငါးဈေးကွက်သည် လက်ရှိအချိန်ထိ ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ခုစလုံး ရာနှုန်းပြည့်ဖြစ်မလာသေးကြောင်း၊ ငါးဈေးကွက်သည် ပျောက်ဆုံးမသွားဘဲ ပျက်သွားသည့်အခြေအနေရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောကြားသည်။ "ဘာလို့ ကျွန်တော်ပျက်တယ်လို့သုံးလဲဆိုရင် ငါးဈေးတွေ မကောင်းဘူး။ ရောင်းလိုအားနဲ့ဝယ်လိုအားလည်း ကျွန်တော်တို့က ရောင်းချင်တဲ့ပစ္စည်းကများတယ်။ ဝယ်လိုအားကလျော့နေတဲ့ အခါကျတော့ ဈေးမကောင်းတော့ဘဲနဲ့ ငါးဈေးတွေကျနေတာပေါ့နော်။ အရောင်းအဝယ်တွေ ထိုင်းနေတာပေါ့။ ဒါကြောင်မို့လို့ ကျွန်တော်က ဈေးကွက်တော့မပျောက်သွားဘူး။ သို့သော်လည်း ဈေးကွက်က ၁၀၀ ရာခိုင်နှုန်းပြန်ပြီး မဖွံ့ဖြိုးလာတဲ့အခါကျတော့ ဒီဘက်မှာလည်း ကိုဗစ်ထိန်းချုပ်မှုက ဒုတိယလှိုင်းဝင်လာတယ်ဆိုတော့ ကျွန်တော်တို့ အခက်အခဲတွေကြုံနေရတယ်။ ပြည်တွင်းမှာ ဈေးကွက်ပျက်သွားတာပေါ့။ ဈေးကွက်ပျက်ပြီးတော့ ဈေးကျသွားတယ်" ဟု ဦးဝင်းကြိုင်က ဆိုသည်။

ယင်းကဲ့သို့ ဈေးကျသွားသည့်အတွက် ရောင်းချင်တိုင်းရောင်း၍မထွက်ဘဲ ဝယ်လိုအားလျော့နည်းနေကြောင်း၊ ပြည်ပတင်ပို့မှုတွင်လည်း ရာနှုန်းပြည့်ပြန်မဖြစ်သေးဘဲ ရာခိုင်နှုန်း ၇၀ လောက်ဖြင့်ရပ်တန့်သွားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ သို့အတွက်ကြောင့် ငါးလုပ်ငန်း၏ ဆုံးရှုံးထိခိုက်မှုအခြေအနေသည် အခြေအနေဆိုးကြီးထဲ ရောက်နေသည့်အတွက် လျော့နည်းသွားသည့်လုပ်ငန်းများ၏ ထုတ်လုပ်မှုပိုင်းများ အားအင်အပြည့်နှင့် ထုတ်လုပ်နိုင်အောင် နိုင်ငံတော်ကလိုအပ်သည့် ကူညီပံ့ပိုးမှုများပေးရန်လိုအပ်ကြောင်း ဦးဝင်းကြိုင်ကဆိုသည်။

**Source:** https://news-eleven.com/article/191252

## ကိုဗစ်ကြောင့် ဟိုတယ်ခရီး၊အထည်ချုပ်၊ SME ဝင်ငွေခွန်နှင့်၊ ပို့ကုန်ကြိုတင်ဝင်ငွေခွန်ပေးဆောင်မှုများကို နောက်ထပ် ၃-လ ဖြေလျှော့ပေး

ကိုဗစ်ကြောင့် ဟိုတယ်ခရီး၊အထည်ချုပ်၊ SME ဝင်ငွေခွန်နှင့်၊ ပို့ကုန်ကြိုတင်ဝင်ငွေခွန်ပေးဆောင်မှုများကို နောက်ထပ် ၃-လ ဖြေလျှော့ပေးလိုက်ကြောင်း စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်တွင်းအခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွန်းက ပြည်မြန်မာကိုပြောသည်။ "ပထမတစ်ခုကတော့ ဟိုတယ်တွေတိုးရစ်ဇင်လုပ်ငန်းတွေ CMP တွေ SME တွေကို လစဉ်ပေးရမယ့် ကုန်သွယ်လုပ်ငန်းခွန်တို့ အထူးကုန်စည်ခွန်တို့ သုံးလတစ်ကြိမ်ပေးရမယ့်ဝင်ငွေခွန်တွေကို ခက်ခဲတာတွေကို အဆင်ပြေအောင်လို့ နိုင်ငံတော်က လစဉ်ပေးနေတဲ့ဟာကို ၃ လ တစ်ကြိမ်ပေးမယ့်အစား စက်တင်ဘာလထိလို့ တစ်ခါ ရွှေ့ဆိုင်းပေးခဲ့ပြီးသွားပြီ၊ အခုထပ်ပြီးတော့ နောက်ထပ်သုံးလပေါ့ ဒီဇင်ဘာလကုန်ထိ နောက်ထပ်သုံးလ ရွှေ့ဆိုင်းပေးထားတာ။ ဆိုလိုတဲ့

သဘောက အဲဒီလုပ်ငန်းတွေဟာ လစဉ်ပေးရမှာတို့ သုံးလတစ်ကြိမ်ပေးရမှာတို့ကိုမပေးနဲ့ ဒီဇင်ဘာလကုန် အတောအတွင်းမှာ ပေးလို့ရတယ်လို့ သူတို့ရဲ့ cashflow လေးကို ကောင်းမွန်သွားအောင် အစိုးရက ဖြည့်ဆည်းပေးတာပေါ့။ နောက်တစ်ခုက ကျတော့ ပို့ကုန်တွေအပေါ်မှာ ကြိုတင်ဝင်ငွေခွန် အထူးပိုက်ဆံကောက်တာကိုလည်း ယခင်က စက်တင်ဘာလကုန်ထိကို အဲတော့မှ ပေးဆိုပြီး ဖြေလျှော့ထားတာ။ အဲဒါကိုလည်း ဒီဇင်ဘာလကုန်ထိ ဖြေလျှော့ထားတာဖြစ်တယ်။ လက်ရှိ ၃ ရာခိုင်နှုန်း၊ ၅ ရာခိုင်နှုန်း ၊ ၁၀ ရာခိုင်နှုန်းကတော့ စက်တင်ဘာလကုန်ရင်ဂိတ်ဆုံးပဲ။ လွှတ်တော်ကအတည်ပြုထားတဲ့ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် အောက်တိုဘာလတစ်ရက်နေ့ကပဲ အသက်ဝင်မှာပါ။ အိမ်ခြံမြေတွေစသဖြင့် ဝယ်တာတွေကို ဝင်ငွေရလမ်း တင်ပြနိုင်ရင် တစ်ပြားမှပေးစရာမလိုဘူး။ ဝင်ငွေရလမ်း မတင်ပြနိုင်ဘူးဆိုရင်တော့ အဲဒီဇယားပါနှုန်းအတိုင်းပေးဆောင်ရမှာပေါ့”ဟု ယင်းက ပြောသည်။ စီမံကိန်း ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကထုတ်ပြန်သော ကြေညာချက်အမှတ် ၃/၂၀၂၀ တွင် ကိုဗစ်ကာလအတွင်း ပြည်သူများ စိတ်ခတ်ရေးရာကိုမြှင့်တင်ပေးသည့်အနေဖြင့် နိုင်ငံတော်ကဖြေလျှော့ပေးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**Source:** https://pyimyanmarnews.com/

## Green Gold ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ပြင်သစ်နိုင်ငံသို့ အရည်အသွေးပြည့်ကော်ဖီစေ့များတင်ပို့



ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်ရှိ ကော်ဖီစိုက်အသင်းသားတောင်သူများမှ စိုက်ပျိုးထွက်ရှိလာသည့် အရည်အသွေးကောင်းမွန်သော ကော်ဖီစေ့များကို Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက တောင်ကြီးမြို့ TBC စီးပွားရေးဇုန် သမဝါယမအသင်းဂိုဒေါင်တွင် ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် အရည်အသွေးဆန်းစစ်ခြင်းများ ပြုလုပ်၍ ပြည်ပနိုင်ငံများသို့ ချိတ်ဆက်ပို့ဆောင်ဖြန့်ဖြူးရန် ဆောင်ရွက်လျက်ရှိရာ ပထမအကြိမ် ပြင်သစ်နိုင်ငံသို့ ကော်ဖီတန်ချိန် ၁၉ ဒသမ ၂ တန်ကို စက်တင်ဘာ ၇ ရက်က တင်ပို့ခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကျုံပျော်မြို့နယ်၌ ငါးသားပေါက်များထောက်ပံ့



ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ရေလုပ်ငန်းကဏ္ဍအပေါ် ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု ကုစားမှုအစီအစဉ်အရ နိုင်ငံတော်အစိုးရမှ ငါးသားပေါက်များ ဖြန့်ဖြူးပေးအပ်ခြင်းအား ကျုံပျော်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူ ၂၇ ဦး၏ ငါးမွေးကေ ၂၂၃ ဒသမ ၆၉ ကေအတွက် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၄၄၇၃၈၀ အား ယနေ့ နံနက်ပိုင်းက အခမ်းအနားထောက်ပံ့ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းဂျော်နီ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငါးမွေးတောင်သူများ တက်ရောက်ကြသည်။ ကျန်ရှိနေသော ငါးမွေးတောင်သူ ၇၁ ဦး၏ ၂၁၈ ဒသမ ၀၃ ကေအတွက် ငါးသားပေါက်ကောင်ရေ ၄၃၆၀၂၀ ကို ယခုလအတွင်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ဧရာဝတီမြစ်ကြောင်းနှင့်ချင်းတွင်းမြစ်ကြောင်းရှိ ဆိပ်ကမ်းငါးခုဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်မည်



ဧရာဝတီမြစ်ကြောင်းရှိ မကွေးဆိပ်ကမ်း၊ ပခုက္ကူဆိပ်ကမ်း၊ ဗန်းမော်ဆိပ်ကမ်းနှင့်ချင်းတွင်းမြစ်ကြောင်းရှိ ကလေးဝဆိပ်ကမ်းနှင့် မုံရွာဆိပ်ကမ်းတို့ကို နိုင်ငံတကာအဆင့်မီဆိပ်ကမ်းများဖြစ်လာရန် ဆိပ်ကမ်းအဆင့်မြှင့်တင်ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်မည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက မြန်မာတိုင်း(မ်)သို့ပြောသည်။ လက်ရှိတွင် အဆိုပါဆိပ်ကမ်းငါးခုသည် ခေတ်မီစက်ကိရိယာများမရှိခြင်း၊ ကြီးမားသော ကုန်သေတ္တာများကို ကိုင်တွယ်နိုင်မှုမရှိခြင်းစသည့် ဆိပ်ကမ်းဆိုင်ရာ အခြေခံအဆောက်အအုံများ အားနည်းလျက်ရှိသည်။ ထို့ကြောင့် အစိုးရသည် အဆိုပါဆိပ်ကမ်းများကို အဆင့်မြှင့်တင်၍ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးလာရန်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့လာစေရန် ရည်ရွယ်ထားသည်။

အဆိုပါဆိပ်ကမ်းငါးခု ဖွံ့ဖြိုးရေးစီမံကိန်းများ အစီအစဉ်ကို နိုင်ငံတော်၏ ဦးစားပေး အခြေခံဆောက်အဦး စီကိန်းများ အနက် အပါအဝင်ဖြစ်ပြီး အစိုးရ၏စီမံကိန်းဘဏ် (Project Bank) တွင် စာရင်းထည့်သွင်းထားသည်။ ဒီစီမံကိန်းတွေရဲ့ ကုန်ကျစရိတ်ငွေကြေးကို အစိုးရဘတ်ဂျတ်နဲ့ဆောင်ရွက်မှာမဟုတ်ဘဲ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူဘက်က ငွေကြေးနဲ့ပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေကို PPP အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံနဲ့ အကောင်အထည်ဖော်ပါမယ်ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းကပြောသည်။

မကွေးဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်း၏ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၃၃ သန်း၊ ပခုက္ကူဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်း၏ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၄၇ သန်း၊ ဗန်းမော်ဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်း၏ ကုန်ကျစရိတ် သည် အမေရိကန်ဒေါ်လာ ၃၄ သန်း၊ ကလေးဝဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်း၏ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၂၄ သန်းနှင့် မုံရွာဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်း၏ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၄၄ သန်းရှိသည်။ "ဒီဆိပ်ကမ်းစီမံကိန်းတွေနဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်မှုအပိုင်းမှာတော့ လောလောဆယ်မှာ စီမံကိန်း ဘဏ်စာရင်းမှာပါလာပြီးဖြစ်ပါတယ်။ တင်ဒါ ခေါ်ယူရေးကိစ္စတွေအတွက်တော့ အသေးစိတ်ဆွေးနွေးမှုတွေ ဆက်လက်ဆောင်ရွက်ရပါဦးမယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းကပြောသည်။

အဆိုပါဆိပ်ကမ်းငါးခု ဖွံ့ဖြိုးရေးစီမံကိန်းများကို ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် လျာထားသည်။ ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းရှိ ဆိပ်ကမ်းငါးခုဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ရေကြောင်းကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍကိုမြှင့်တင်၍ စီးပွားရေးနှင့်ကုန်သွယ်ရေးကဏ္ဍများကို အထောက်အကူပြုရန် ရည်ရွယ်ထားကြောင်းဆိုသည်။ ဧရာဝတီမြစ်ကြောင်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြစ်ကြောင်းဖြစ်ပြီး ရေကြောင်းကုန်စည် သယ်ယူပို့ဆောင်ရေးအတွက် အဓိကကျလျက်ရှိသည်။ ထို့အတူ ချင်းတွင်းမြစ်ကြောင်းရှိ ဆိပ်ကမ်းများဖွံ့ဖြိုးလာခြင်းဖြင့် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်ချိတ်ဆက်၍ ကုန်သွယ်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/143325.html

## ကိုဗစ်ကြောင့် တရုတ်နိုင်ငံသို့ ဖိလစ်ပိုင်မှ ဒူးရင်းသီးတင်ပို့မှု နှောင့်နှေး

တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့နိုင်ရေးအတွက် ပို့ကုန်လက်မှတ်ရရှိရန် ဖိလစ်ပိုင်နိုင်ငံဒူးရင်းသီးစိုက်ပျိုးသူများမှ တွန်းအားပေး ကြိုးပမ်းလျက်ရှိသည်။ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့နိုင်ရန်အတွက် "ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်အသိအမှတ်ပြုလက်မှတ်" (GAP) ရရှိထားရန် လိုအပ်ပါသည်။ GAP လက်မှတ်ရရှိရေးအတွက် ခြံကို အစစ်ဆေးခံဖို့ ဖိလစ်ပိုင်နိုင်ငံ၊ Davao ဒေသရှိ ဒူးရင်းသီးစိုက်ပျိုးသူတွေက အသင့်ဖြစ်နေကြပြီး စိတ်အားထက်သန်လျက်ရှိကြသည်။ ထိုလက်မှတ်အတွက် တရုတ်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက ၂၀၂၀ခုနှစ် ဧပြီလတွင် ခြံများကိုလာရောက်စစ်ဆေးရန် ရည်ရွယ်ထားသော်လည်း ကမ္ဘာလုံး

ဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှုကြောင့် လက်မှတ်ရရှိရေးအတွက် အဖက်ဖက်မှ နှောင့်နှေးစေခဲ့သည်။

Covid-19 မတိုင်မီ Davao City Durian Industry Council (DCDIC) က ဒူးရင်းသီးစိုက်ပျိုးသူများနှင့် အဖွဲ့ဝင်အချို့ကို ဥယျာဉ်ခြံအား GAP လက်မှတ်ရရှိထားရန် အရေးပါကြောင်းကို ပညာပေးမှုများပြုလုပ်ခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံမှ ဆောင်ရွက်သော ခရီးသွားလာရေးကန့်သတ်မှုများကြောင့် ဥယျာဉ်တွေဆီ လာရောက်စစ်ဆေးခြင်းကို ဩဂုတ်လသို့ ဆိုင်းငံ့ထားခဲ့ပြီး နောက်ပိုင်းမှာ ၎င်းဆိုင်းငံ့မှုအား (၂၀၂၁) ခုနှစ်တိုင်အောင် ရွှေ့ဆိုင်းထားကြောင်း တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးသံမှူးရဲ့ ပြောကြားချက်အရသိရသည်။ DCDIC တွင် အနည်းဆုံး ဒူးရင်းပင် (၁၀) ပင် စိုက်ပျိုးထားသည့် အသေးစား ဥယျာဉ်ပိုင်ရှင်များ အပါအဝင် အဖွဲ့ဝင် (၅၀) ခန့်ရှိပြီး အများစုမှာ Davao မြို့တော်တွင် တည်ရှိသည်။ အသေးစားစိုက်ပျိုးသူများမှာ တစ်ဟက်တာလျှင် (၇) တန်ခန့်ထုတ်လုပ်နိုင်ပြီး၊ အကြီးစားစိုက်ပျိုးသူများမှာ တစ်ဟက်တာလျှင် တန်ချိန် (၂၀) ခန့် ထုတ်လုပ်နိုင်သည်။

ယခုနှစ်ရာသီတွင် အထွက်နှုန်းကောင်းမည်လို့ခန့်မှန်းထားပြီး အထွက်နှုန်းအများဆုံးကာလမှာ စက်တင်ဘာလလယ်မှ စက်တင်ဘာလနှောင်းပိုင်းအထိဖြစ်သည်။ Davao City Durian Industry Council (DCDIC) အုပ်စုမှာ ဖိလစ်ပိုင် စိုက်ပျိုးရေးဌာန၏ ပြည်နယ်ရုံးနှင့်ပူးပေါင်းဆောင်ရွက်ကာ ဖိလစ်ပိုင်၏ အဓိကမြို့တော်များဆီသို့ ဒူးရင်းသီးဖြန့်ဖြူးရေးအတွက် ကုန်စည်ပို့ဆောင်ပေးနေသည့် အုပ်စုလည်းဖြစ်သည်။

**Source: myantrade.gov.mm**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/3308-covid-delays-durian-exports-from-philippines-to-china.html

## ဖီးကြမ်းငှက်ပျောဝယ်လိုအားကောင်းမွန်နေသော်လည်း ခြံရှင်တချို့ အကြောက်လွန်ကာ ဈေးချရောင်းခြင်းများရှိနေ



ဖီးကြမ်းငှက်ပျော ဝယ်လိုအားကောင်းမွန်နေသော်လည်း ခြံရှင်တချို့ အကြောက်လွန်ကာ ဈေးချရောင်းခြင်းများရှိနေကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။ COVID-19 ကြောင့် ဈေးကွက်ထိခိုက်တော့မလို ယူဆခဲ့ကြပေမယ့်လည်း အခုလပိုင်းမှာ ဝယ်လိုအားတွေက မြင့်တက်နေပါတယ်။ သို့သော် COVID-19 ပြင်းထန်လာပြီး ဈေးကွက်ပျက်သွားမှာကို စိုးရိမ်နေကြတာကြောင့် ပွဲစားက ဈေးမချယူပါပဲနဲ့ တောင်သူတွေ၊ ငှက်ပျောခြံရှင်တွေကိုက အကြောက်လွန်ပြီး ဈေးတွေချရောင်းကြလို့ ပွဲစားတွေကတော့ အကြိုက်တွေ့နေကြပါတယ်ဟု မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မုန်ဇလဲကျေးရွာမှ ဖီးကြမ်းငှက်ပျော စီးပွားဖြစ်စိုက်ပျိုးသူ ကိုမောင်နိုင်က ပြောသည်။

မင်းဘူး_ပဒန်_အမ်း လမ်းပိတ်ထားသဖြင့် ရခိုင်ပြည်နယ်ဘက်သို့ ငှက်ပျောတင်ပို့မှု ရပ်စဲခြင်းကြောင့် အရောင်းအဝယ်ထိခိုက်မှု အနည်းငယ်ကြုံရသော်လည်း လာမည့် (၂) လတာအတွင်း COVID-19 ကူးစက်မှု ငြိမ်သက်မည်ဆိုပါက တစ်နှစ်တာစိုက်ပျိုးစရိတ်များ ပြန်လည်မြတ်စွန်းလာမည်ဟု တောင်သူများက မျှော်လင့်နေကြသည်။ အခုချိန်ထိတော့ ရောဂါကျရောက်မှုနည်းပါးနေတာလေးကိုက ကျွန်တော်တို့အတွက်က ကံကောင်းခြင်းတစ်ပါးပါပဲ။ လက်ရှိဈေးနှုန်းအရ တစ်ဧကကိုသိန်းငါးဆယ်ဝင်ငွေရရှိဖို့ကတော့ အသေအချာပါပဲ။ ဒါက ဈေးချရောင်းတဲ့ တောင်သူတွေရဲ့ဝင်ငွေကို တွက်ပြတာပါနော်။ ဈေးချမပေးပဲ တင်းမာနေတဲ့တောင်သူတွေကတော့ အောက်တိုဘာလအလယ် ရောက်မှသာ အကျိုးအမြတ်အတိအကျက အဖြေပေါ်လာပါမယ်။ ဒါတွေကလည်း အစိုးရအပေါ်မူတည်နေပါသေးတယ်။ အစိုးရကသာ နောက်နှစ်လအတွင်း COVID-19 ကို ထိန်းချုပ်နိုင်ရင် ဈေးချမရောင်းဘဲ တင်းခံထားတဲ့တောင်သူတွေက တစ်ဧကကို သိန်းခုနှစ်ဆယ်ကျော် ဝင်ငွေရရှိနိုင်ဖို့ အလားအလာကောင်းတွေရှိနေတဲ့သဘောပါ။ ဒီလိုပဲ စွန့်စားကြရတာပေါ့ခင်ဗျာဟု ကိုမောင်နိုင်က ဆက်လက်ပြောသည်။

၂၀၁၉ ခုနှစ် ဖီးကြမ်းငှက်ပျော စတင်စိုက်ပျိုးခဲ့စဉ်က တစ်ဖီးလျှင် ၇၀၀ ကျပ် ဈေးနှုန်းရရှိမည်ဟု ခန့်မှန်းစိုက်ပျိုးခဲ့ကြပြီး၊

COVID-19 ကာလဖြစ်သော်လည်း လက်ရှိဖီးကြမ်းငှက်ပျောပေါက်စျေးမှာ ထင်ထားသည်ထက် စျေးပိုမိုရရှိကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/selling_banana_with_low_price

## ကြောင်လျှာသီးအစေ့၊ အခေါက်စျေးကွက် အတက်ဘက်သို့ဦးတည်နေ



နယ်စပ်ကုန်သည်များမှတဆင့် တင်ပို့ရောင်းချနေသည့် ကြောင်လျှာသီးအစေ့၊ ကြောင်လျှာသီးအခေါက်စျေးကွက်မှာ အတက်ဘက်သို့ ဦးတည်နေကြောင်း ကုန်သည်များထံမှသိရသည်။ အခုအချိန်က ပစ္စည်းကမရှိ၊ ပစ္စည်းတဖြည်းဖြည်းကို ရှားလာတော့ စျေးကပိုပြီးတက်လာတယ်။ မိုးရာသီဆိုတော့ ကြောင်လျှာသီးအခေါက်ကမရနိုင်၊ အစေ့လည်းမရနိုင်တော့ စျေးကပိုတက်သွားတာပေါ့။ ဟု မြဝတီမှ နယ်စပ်ကုန်သည် ဦးတင်မျိုးနိုင်ကပြောသည်။

၂၀၂၀ခုနှစ် မတ်လ၊ ဧပြီလ ကာလများက ကြောင်လျှာသီးအစေ့ တစ်ပိဿာလျှင် (၁,၅၀၀) ကျပ် စျေးနှုန်းဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့သော်လည်း ယခုအခါ စျေးနှုန်းများမှာ (၃) ဆခန့် မြင့်တက်နေကြောင်းသိရသည်။

တစ်ပိဿာကို ငါးထောင်၊ ခြောက်ထောင် (၅,၀၀၀/၆,၀၀၀) ကျပ် အထိကို လက်ရှိ ပေါက်စျေးရှိနေပါတယ်။ ဆေးဘက်ဝင်လို့ ဝယ်ယူနေကြတာပါ။ ကြောင်လျှာသီးကလည်း တရုတ်ဝယ်လက်တွေကပဲ ဝယ်နေတာပါ။ ကြောင်လျှာသီးကို ခွဲလိုက်ရင် အလယ်ခေါင်အထဲမှာရှိတဲ့ ဖြူဖြူလေးကိုဝယ်တာပါ။ ပြည်တွင်းမှာတော့ ကြောင်လျှာသီးကိုလည်း စီးပွားဖြစ်စိုက်သူ မရှိကြသေးပါဘူး။ ကြောင်လျှာပင်ကလည်း စိုက်ပြီးချက်ချင်းကြီး သီးတာမဟုတ်ဘူးလေ။ စိုက်ပြီး နှစ်အတန်ကြာမှသီးတာကိုး။ အခုကတော့ တောထဲမှာ လိုက်ကောက်ထားတဲ့ အသီး(အစေ့၊ အခေါက်) တွေကို ပြန်ဝယ်ယူရတာပါဟု ဦးတင်မျိုးနိုင်က ဆက်လက်ပြောသည်။

အဆိုပါ ကြောင်လျှာသီး အစေ့အခေါက်များကို ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုပြီး၊ ကြောင်လျှာတောင့် (ကြောင်လျှာသီး) ကို နေလှမ်း၍ အသီးတောင့်အတွင်းရှိ အစေ့၊ အစေ့ခွံတို့ကို ရောင်းဝယ်ကြခြင်းဖြစ်သည်။

**Source:** https://greenwaymyanmar.com/posts/market_of_indian_trumpet_flower_seed

## ပေါက်ကုန်းကျေးရွာ၌ ပင်ထောင်မြေပဲကို အထွက်နှုန်းကောင်းသောကြောင့် တစ်ရွာလုံးနီးပါး စိုက်ပျိုးထား



မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ပေါက်ကုန်းကျေးရွာမှ တောင်သူများသည် ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသော ပင်ထောင်မြေပဲကို တစ်ရွာလုံးနီးပါး စိုက်ပျိုးထားကြကြောင်း ပေါက်ကုန်းကျေးရွာ ပင်ထောင်မြေပဲစိုက်တောင်သူများထံမှသိရသည်။

ပင်ထောင်မြေပဲသည် တစ်ဧကဆီပိဿာ ၁၀၀ ကျော်ထွက်ရှိသဖြင့် စားသုံးဆီဖူလုံရေးအတွက် အရေးပါလှသော သီးနှံတစ်မျိုးဖြစ်သည်။ ပင်ထောင်မြေပဲကို သဲနုန်းမြေ၊ ကိုင်းမြေနှင့်နုန်းမြေ များတွင် ပိုမိုဖြစ်ထွန်းသည်။ ပင်ထောင်မြေပဲစိုက်ပျိုးရန် ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ဖြင့် ထွန်ယက်စိုက်ပျိုးကြပြီး မိုးများသော ဒေသများဖြစ်ပါက ပေါင်များ ပြုလုပ်စိုက်ပျိုးကြသည်။

ပင်ထောင်မြေပဲများ စိုက်ပျိုးပြီး ရက်ပေါင်း ၃၀ အတွင်းကြားတိုက်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းများပြုလုပ်၍ စုပ်စားပိုး၊ ရွက်လိပ်ရွက်ကပ်ပိုးများအတွက် ပင်လုံးပြန့်ပိုးသတ်ဆေးများဖြင့် ပက်ဖျန်းကာကွယ်ထားကြသည်။ အပင်သက်တမ်းမှာ

ရက်ပေါင်း ၁၁ဝ မှ ၁၂ဝ ရှိပြီး သက်တမ်းကုန်၍ အရွက်များဝါလာ၊ အပွင့်များကျလာပါက နုတ်သိမ်းနိုင်သည်။ သို့သော် ဒါးကွင်းတိုက်ပြီး နုတ်သိမ်းပါက အလေအလွင့်နည်းပါးစေသည်။ ယခင်နှစ်များက ပင်ထောင်မြေပဲတစ်ကေလျှင် တင်း ၈ဝ အထိထွက်ရှိ၍ တစ်တင်းကျပ် ၈ဝဝဝ ဈေးရောင်းချရသဖြင့် ထွက်နှုန်းကောင်းပြီး ဈေးကောင်းသော ပင်ထောင်မြေပဲများကို တစ်ရွာလုံးနီးပါး စိုက်ပျိုးထားကြကြောင်း ပေါက်ကုန်းကျေးရွာ ပင်ထောင်မြေပဲစိုက်တောင်သူ ဦးဝင်းဦးထံမှသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ဒေသနှင့်ကိုက်ညီသည့် ပဲပုပ်မျိုးများ ကွင်းသရုပ်ပြပွဲကျင်းပ



စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အောင်ပန်းစိုက်ပျိုးရေး သုတေသနခြံ၏ ရှမ်းပြည်နယ်ဒေသကိုယ်စားပြု သုတေသနဗဟိုဌာန (RRC)အဖြစ် အဆင့်မြှင့်တင်ရေး အစီအစဉ်အရ တောင်သူအခြေပြုသုတေသနများ တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ အလားအလာကောင်း ပဲပုပ်မျိုးများ ကွင်းသရုပ်ပြပွဲနှင့် စိုက်နည်းစနစ်ဆွေးနွေးပွဲကို ယမန်နေ့က ကလောမြို့နယ် ရွာတော်ရွာရှိ တောင်သူတစ်ဦး၏ စိုက်ခင်းတွင်ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် အောင်ပန်းစိုက်ပျိုးရေး သုတေသနခြံတာဝန်ခံ ဒေါက်တာဝင်းဝင်းနွယ်က ပဲပုပ်သီးနှံသည် ဈေးကွက်တည်ငြိမ်ပြီး အာဟာရဓာတ်ကြွယ်ဝသည့်သီးနှံဖြစ်ကြောင်း၊ မြေဆီလွှာအတွက်လည်း အကျိုးရှိသောသီးနှံဖြစ်ကြောင်း၊ ယခုကဲ့သို့ တောင်သူ့စိုက်ကွက်တွင် လာရောက်စိုက်ပျိုးပြသရခြင်းမှာ ဒေသနှင့်ကိုက်ညီသောမျိုး၊ စိုက်ပျိုးနည်းစနစ်များကို တောင်သူများကိုယ်တိုင် လက်တွေ့လေ့လာနိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန် ပြောင်းလဲလာမှုကြောင့် အစားထိုးသီးနှံများ စဉ်းစား၊ ရှာဖွေကြရန်လိုအပ်ပါကြောင်း၊ စိုက်ပျိုးပြသထားသော ပဲပုပ်မျိုးခြောက်မျိုးအား သေချာလေ့လာ၍ မိမိကြိုက် နှစ်သက်သော မျိုးအား မဲပေးရွေးချယ်စေလိုကြောင်းပြောကြားသည်။

ထို့နောက်ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးမျိုးသိန်းထွန်းက ပြောင်းသီးနှံအား နှစ်စဉ်ဆက်တိုက်စိုက်ပျိုးပါက မြေဆီဩဇာထိခိုက်ပျက်စီးနိုင်ကြောင်း၊ ပဲပုပ်သီးနှံဖြင့်သီးလှည့်စိုက်ပျိုးပေးပါက ပိုမိုသင့်လျော်ပါကြောင်းပြောကြားသည်။ နန်းတိုင်းဒေသတွင် တောင်သူအများစု စိုက်ပျိုးနေသောသီးနှံများမှာ ချင်း(ဂျင်း)၊ ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီ၊ ပန်းမုန်လာများဖြစ်ပြီး ယင်းစိုက်ခင်းများတွင် ကြုံတွေ့ရသည့် ပြဿနာများပြားလာသောကြောင့် အစားထိုးစိုက်ပျိုးနိုင်သည့် သီးနှံများသည် အရေးကြီးကြောင်းသိရသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများမှ ပဲပုပ်မျိုးခြောက်မျိုးအား ကွင်းဆင်းအကဲဖြတ်၍ ကြိုက်နှစ်သက်သော ပဲပုပ်မျိုးများအား မဲစနစ်ဖြင့် ရွေးချယ်ခြင်းများ ပြုလုပ်သည်။ သရုပ်ပြမျိုး ခြောက်မျိုးထဲတွင် တောင်သူအကြိုက်ဆုံးမျိုးမှာ အစေ့ကြီး၍ အသက်လျှင်သော ရေဆင်း ပဲပုပ်-၁၄ မျိုးဖြစ်ပြီး ဒုတိယအကြိုက်ဆုံးမျိုးမှာ ရှမ်းဝါလုံးကြီးဟု အများခေါ်သော ရေဆင်းပဲပုပ်-၂ မျိုးဖြစ်၍ တတိယ အကြိုက်အများဆုံးမှာ ရေဆင်း ပဲပုပ်-၁၂ မျိုးတို့ဖြစ်ကြောင်းသိရှိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## စင်ကာပူယှဉ်ပြိုင်မှုနှင့်စားသုံးသူရေးရာကော်မရှင်က စားသုံးသူကာကွယ်ရေးအက်ဥပဒေအရ ဈေးနှုန်းဖော်ပြရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် လမ်းညွှန်ချက်များထုတ်ပြန်

စင်ကာပူယှဉ်ပြိုင်မှုနှင့်စားသုံးသူရေးရာကော်မရှင် (Competition and Consumer Commission of Singapore – CCCS) သည် ဆိုင်ခန်းဖွင့်လှစ်ရောင်းချသောလုပ်ငန်းများနှင့် အွန်လိုင်းမှတစ်ဆင့်ရောင်းချသည့်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းများကို စားသုံးသူများသို့ အသိပေးဖော်ပြ၍ရောင်းချရာတွင် စားသုံးသူကာကွယ်ရေး (မျှတမှုရှိသောအရောင်းအဝယ်ပြုလုပ်ခြင်း)အက်ဥပဒေအား ချိုးဖောက်နေသည့်ဆောင်ရွက်ချက်များကို တိတိကျကျရှင်းလင်းဖော်ပြထားသောလမ်းညွှန်ချက်များကို ၇-၉-၂ဝ၂ဝ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဈေးနှုန်းဖော်ပြရာတွင် ပွင့်လင်းမြင်သာမှုရှိရေးလမ်းညွှန်ချက်များ (Guidelines on Price Transparency) တွင် စားသုံးသူများကို အထင်အမြင်လွဲမှားမှုဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်ချက် (၄)မျိုး ပါဝင်ပြီး၊ ၎င်းတို့မှာ အရောင်းအဝယ်ပြုလုပ်

ချိန်တွင် မူလကကြော်ငြာ ထားသောဈေးနှုန်းအပေါ် အခြားအခကြေးငွေများကို ထပ်ပေါင်းထည့်သောဈေးနှုန်းဖြင့် ရောင်းချ ခြင်း (Drip Pricing)၊ မှားယွင်းသော သို့မဟုတ် အထင်အမြင်လွဲမှားစေနိုင်သော ဈေးနှုန်းနှိုင်းယှဉ် ဖော်ပြမှုများ၊ မဟုတ်မှန်သော ဈေးလျှော့ပေးမှုဖော်ပြချက်နှင့် အခမဲ့ "Free" ဝေါဟာရကို အသုံးပြုခြင်းစသည့် ဈေးနှုန်းဖော်ပြမှုနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ ဖြစ်ပါသည်။

ဤ Guidelines သည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်သည့်အတွက် စားသုံးသူများအပေါ် အထင်အမြင်လွဲမှားစေနိုင်သော ဆောင်ရွက်ချက်များဖြစ်သည့် အမှန်တကယ်ဝယ်ယူချိန်၌ ထပ်မံပေးချေရမည့် အခကြေးငွေများကို ဖော်ပြထားခြင်းမရှိဘဲ ဈေးနှုန်းဖြင့်ကြော်ငြာဆွဲဆောင်ရောင်းချလိုသော လုပ်ငန်းများသည် ဥပဒေနှင့် ဆန့်ကျင် သောပြုမူဆောင်ရွက်ချက်များမဖြစ်စေရန် ပြင်ဆင်ချိန် (၂)လခန့် ရရှိမည်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် CCCS က အွန်လိုင်းခရီးသွားကြိုတင်လက်မှတ်များရယူခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ဈေးနှုန်း ကမ်းလှမ်းမှုများနှင့်ပတ်သက်၍ လေ့လာရာတွင် ပွင့်လင်းမြင်သာသော ဈေးနှုန်းများ ဖော်ပြခြင်းမရှိဘဲ အရောင်းမြှင့်တင်မှု ဆောင်ရွက်ချက်များကြောင့် စားသုံးသူအချို့သည် အမှန်တကယ်ငွေပေးချေရသည့်အချိန်၌ ပိုမိုပေးချေနေရသည်ကို လေ့လာတွေ့ရှိခဲ့ရသဖြင့် ဤလမ်းညွှန်ချက်ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

CCCS သည် စားသုံးသူကာကွယ်ရေးအက်ဥပဒေ အာဏာတည်စေရေးလုပ်ငန်းများကို ထိရောက်စွာထိန်းကျောင်း ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေချိုးဖောက်မှုကိစ္စရပ်များအပေါ် တရားရုံးမှတစ်ဆင့် ဆောင်ရွက်ရန်မလိုအပ်ဘဲ ဒဏ်ကြေးငွေပေးဆောင်စေသည့် အရေးယူမှုများကို ကော်မရှင်က တိုက်ရိုက်လုပ်ပိုင်ခွင့် ရရှိစေရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ လက်ရှိအခြေအနေ မှာ CCCS သည် စားသုံးသူကာကွယ်ရေးအက်ဥပဒေအရ စီးပွားရေးလုပ်ငန်းများ၏ မျှတမှုမရှိ သောဆောင်ရွက်ချက်များကို စုံစမ်းစစ်ဆေးနိုင်ပြီး၊ ဥပဒေကိုချိုးဖောက်သည့်လုပ်ဆောင်ချက်များအားရပ်တန့်စေရန် တားမြစ်မိန့်ထုတ်ပေးနိုင်ရေး အတွက် တရားရုံးသို့ အမှုတွဲတင်ပြရကြောင်း၊ အဆိုပါတရားရုံးမှထုတ်ပြန်သည့်တားမြစ်မိန့်အား လိုက်နာရန်ပျက်ကွက်သည့် လုပ်ငန်းများသည် ဒဏ်ကြေးစင်ကာပူဒေါ်လာ ၁၀,၀၀၀ အထိကိုဖြစ်စေ၊ ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ ချမှတ်ခံရမည် ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Competition and Consumer Commission of Singapore/The Straits Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## လိုငွေဖြစ်ပေါ်နေခြင်းကြောင့် သီးသန့်အရန်ငွေသားထားရန်သတိပေးလှုံ့ဆော်လျက်ရှိခြင်း

တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ တင်းမာမှုအရှိန်မြင့်တက်လာခြင်း၊ COVID-19 ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ဟောင်ကောင်ဒေသ၏ လိုငွေအမြင့်မားဆုံးဖြစ် ပေါ်လျက်ရှိခြင်းတို့ကြောင့် သီးသန့်အရန်ငွေသားများ ထားရှိရန် လိုအပ်ကြောင်း ဟောင်ကောင်ဒေသတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း၊ COVID-19 ဆက်လက်ဖြစ်ပွားနေမှုကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးလုပ်ဆောင်မှုများကို မကြုံစဖူးထိခိုက်နိုင်ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာလိုငွေ ဟောင်ကောင်ဒေါ်လာ (၁၃၉) ဘီလီယံခန့်ရှိနိုင်ကြောင်း ခန့်မှန်းခဲ့ကြောင်း၊ ဒေသတွင်း COVID-19 ဖြစ်ပွားမှုကြောင့် သက်သာခွင့်အစီအစဉ် (၂) ခုပံ့ပိုးပေးခဲ့ရာတွင် ဟောင်ကောင်ဒေါ်လာ (၂၉၀) ဘီလီယံ ၊ ရာခိုင်နှုန်းအားဖြင့် ဂျီဒီပီ၏ (၁၀) ရာခိုင်နှုန်း ဘဏ္ဍာရေးလိုငွေဖြစ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း အရန်ငွေ ဟောင်ကောင်ဒေါ်လာ (၁.၁) ထရီလီယံမှ ဟောင်ကောင် ဒေါ်လာ (၈၀၀) ဘီလီယံ သုံးစွဲခဲ့ခြင်းမှာ ဒေသအစိုးရ၏ အစိုးရ အသုံးစရိတ် (၁၃) လအတွက်နှင့် ညီမျှကြောင်း၊ အစိုးရအသုံးစရိတ်မှာ မတည်ငြိမ်နိုင်သည်ကိုတွေ့ရှိရနိုင်ကြောင်း၊ ဆောင်းရာသီတွင် COVID-19 ပြန်လည် ဖြစ်ပွားလာနိုင်သောကြောင့် အရန်ငွေများပိုမိုထားရှိရမည်ဖြစ်ကြောင်း၊ ငွေကြေးကဏ္ဍတည်ငြိမ်အောင် ထိန်းသိမ်းနိုင်နှင့်လုံလောက်သော အရန်ငွေထားရှိနိုင်ရန်မှာ ပေကျင်းနှင့်ဝါရှင်တန်အကြား ကုန်သွယ်ရေးတင်းမာမှုများ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်လိုအပ်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ထိခိုက်လျက်ရှိသော ကုန်ထုတ်လုပ်ငန်းများနှင့် တစ်ဦးချင်းလုပ်ငန်းရှင်များကို ပံ့ပိုးနိုင်ရန် ထပ်မံ၍ငွေကြေးပံ့ပိုးပေးသည့် သက်သာခွင့်အစီအစဉ်သစ်တစ်ခု ဆောင်ရွက်ရန်ပြင်ဆင်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ စီမံကိန်း (၇၃) ခုအတွက် ဟောင်ကောင် ဒေါ်လာ (၇၅) ဘီလီယံ ပံ့ပိုးရန်

ဩဂုတ်လလယ်အတွင်း အတည်ပြုခဲ့ကြောင်း၊ အဆိုပါအစီအစဉ်တွင်ပါဝင်သည့် အလုပ်အကိုင်ပံ့ပိုးမှုအစီအစဉ်အောက်တွင် ပထမအဆင့်ပံ့ပိုးမှုအနေဖြင့်ဟောင်ကောင် ဒေါ်လာ (၄၄) ဘီလီယံ ပံ့ပိုးပေးခဲ့ရာ အလုပ်သမား (၁.၉) မီလီယံကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ လုပ်ခလစာပံ့ပိုးမှုအစီအစဉ် (၂) ခုအတွက် ဒေသအစိုးရမှ ဟောင်ကောင်ဒေါ်လာ (၈၁.၄) ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေး လပတ်အတွင်း (၉) ရာခိုင်နှုန်း ကျဆင်းခဲ့ရာ၊ ယခုနှစ်အတွင်း (၈) ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု ခန့်မှန်းခဲ့ကြောင်း၊ အလုပ်လက်မဲ့နှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မေလမှ ဇူလိုင်လအတွင်း (၆.၁) ရာခိုင်နှုန်းရှိကြောင်း၊ ထပ်မံပံ့ပိုးမည့် ငွေကြေးသက်သာခွင့် ပံ့ပိုးမှုအစီအစဉ်များတွင် ဘဏ္ဍာငွေကန့်သတ်မှုအရ ပံ့ပိုးမှုလျော့နည်းသွားနိုင်ကြောင်း၊COVID-19 အကြပ်အတည်းဆက်လက်ဖြစ်ပွား နေလျှင် ငွေသားပံ့ပိုးမှုများလျှော့ချနိုင်အောင် စီမံခန့်ခွဲရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ပညာရေး၊ လူမှုဖူလုံရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုအတွက် အသုံးစရိတ်များ မြင့်တက်လျှက်ရှိရာ အစိုးရ၏အသုံးစရိတ် (၁၃) လအတွက်နှင့် ကိုက်ညီလျှက်ရှိကြောင်း၊ ဟောင်ကောင်ဒေသအတွက် COVID-19 ကြောင့် အပိုဝန်ထုပ်ဝန်ပိုးဖြစ်စေကာ အရန်ငွေများ လျင်မြန်စွာသုံးစွဲစေခြင်းနှင့် ဟောင်ကောင်ဒေါ်လာ ငွေလဲလှယ်မှုစနစ်အား နိုင်ငံတကာအသိုက်အဝန်းမှ ယုံကြည်မှုဆုံးရှုံးစေကာ အဆိုးရွားဆုံးသော ငွေကြေးအကျပ်အတည်းနှင့်ရင်ဆိုင်နိုင်ရကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Natalie Wong က " Record Deficit Spurs Warnings To Reserve Cash" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## တိုကျိုမြို့အတွင်းရှိ ရုံးခန်းများလစ်လပ်မှုသည် ၅ လ ဆက်တိုက် မြင့်တက်ခဲ့ခြင်း

ဂျပန်နိုင်ငံအတွင်း ကူးစက်မှုထပ်မံပြန့်ပွားနေခြင်းကြောင့် တိုကျိုမြို့တွင်းရှိ ရုံးခန်းများနေရာလွတ်နေခြင်းနှင့် ရင်ဆိုင်နေရကြောင်းသိရပါသည်။ အိမ်ခြံမြေနှင့် ရုံးခန်းနေရာများဆိုင်ရာ အကျိုးဆောင်လုပ်ငန်း၏ အချက်အလက်များအရ တိုကျိုမြို့အတွင်း ပြီးခဲ့သည့်ဇူလိုင်လ၏ အခန်းလွတ်နှုန်းသည် ၀.၈ မှတ်၊ ၂.၇၇ % ဖြင့် ၅ လဆက်တိုက် မြင့်တက်နေခဲ့သည်ဟု ဆိုပါ သည်။

နေအိမ်မှနေ၍ Telework ကို အသုံးပြုမှု ပိုမိုများပြားလာ၍ ကုမ္ပဏီများသည် ၎င်းတို့၏ ရုံးခန်းများ အသုံးပြုမှုကို လျှော့ချလာခြင်း၊ စီးပွားရေး စွမ်းဆောင်ရည်များ ဆိုးရွားခြင်းတို့ကြောင့် လုပ်ငန်း အဖွဲ့အစည်းများအကြား စာချုပ်အသစ်ချုပ်ဆိုမှုများ လျော့ကျလာခြင်းတို့က ရုံးခန်းနေရာ ငှားရမ်းမှုကို အဓိကလျော့ကျလာစေသည့် အကြောင်းအရင်းများဖြစ်ပါသည်။

ထိုသို့ ကျဆင်းမှု ၅ လ ဆက်တိုက် မြင့်တက်လာခြင်းသည် Lehman shock ပြီးနောက် ၂၀၀၉ ခုနှစ် စက်တင်ဘာလမှ ၂၀၁၀ ခုနှစ် ဇွန်လ (၁၀ လ ဆက်တိုက်) နောက်ပိုင်းတွင် အဆိုးဆုံး အခြေအနေဖြစ်လာခဲ့ပါသည်။ ပြီးခဲ့သည့် ဧပြီလတွင် ဂျပန်နိုင်ငံတစ်ဝှမ်း အရေးပေါ်အခြေအနေ ကြေငြာချက်ထုတ်ပြန်ပြီးနောက် အိမ်ခြံမြေအကျိုးဆောင်များသည် စီးပွားရေးညှိနှိုင်းဆွေးနွေးမှုများတွင် အခက်အခဲများ ရင်ဆိုင်ခဲ့ရပါသည်။ ဩဂုတ်လအတွင်း၌လည်း ထိုအခြေအနေအတိုင်း ဆက်လက်ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားပြီး အခန်းနေရာလွတ်နှုန်းသည် တစ်နိုင်ငံလုံးရှိ မြို့ပြဒေသများတွင် မြင့်တက်နေပါကြောင်း၊ ဟော့ကိုင်းဒိုးဒေသတွင် ၂.၂၈ % ၊ နာဂိုယာမြို့တွင် ၂.၉၁ %၊ အိုဆာကာမြို့တွင် ၂.၇၁ % နှင့် ဖူကူအိုကာမြို့တွင် ၂.၈၇ % အထိ ဖြစ်ပေါ်နေပါသည်။

အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက လက်ရှိအိမ်ခြံမြေနှင့် ရုံးခန်းနေရာငှားရမ်းမှုအခြေအနေသည် ပြီးခဲ့သည့်နှစ်က အကောင်းဆုံးဖြစ်ခဲ့သည့်အခြေအနေနှင့်မတူ လုံးဝပြောင်းလဲသွားခဲ့ပါကြောင်း၊ ရုံးခန်းအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ပြန်လည်သုံးသပ်ရန် လိုအပ်နေပါကြောင်းဟု မှတ်ချက်ပြုပြောဆိုခဲ့ပါသည်။

**Source: The Cabinet Office of Japan, METI, Japan, The Japan Times, The Japan News, The Yomiuri Shimbun., The Nikkei Asian Review.**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

# STOCK EXCHANGE (8.9.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 8th Sep. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,800 | 580 | 5,711,000 | 27,112,747 | 268,416 |
| MTSH | 00002 | 3,650 | +50 | +1.39% | 3,600 | 3,650 | 3,600 | 1,484 | 5,414,850 | 38,929,150 | 142,091 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 4 | 88,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,800 | 2,800 | 2,800 | 2 | 5,600 | 12,823,224 | 35,905 |
| EFR | 00006 | 3,050 | +0 | +0.00% | 3,100 | 3,100 | 3,000 | 29 | 87,450 | 19,977,223 | 60,931 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.74 | +3.00 | +0.70% | 431.27 | 432.74 | 430.24 | 2,099 | 11,306,900 | 6 | 643,896 |

### Index chart




## Market Overview

As of 1:00 pm, 8th Sep. 2020

| MYANPIX | 432.74 ▲ 3.00 |
|---|---|
| Total Volume (shares) | 2,099 |
| Total Value (MMK) | 11 mil |
| Listed Company | 6 |
| Market Cap. (MMK) | 643,896 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 100 |
| EFR | 00006 | 3,050 | ▲ 0 |